# ရေခြားမြေခြား ချစ်ဆွေများသို့

ရေ ခြားမြေခြား သူငယ်ချင်းများတို့
တို့တွေချင်းချင်း ညီရင်းကိုတမျှ ရင်းနှီးကြလဲ
ငါတို့ရင်မှာပွင့်လင်းစွာဘဲ ဒီမိုကရေစီလိုချင်သည့်မို့
သင်္ကြာရာဇ်ကိုစစ် ရှစ်ဆယ့်ရှစ်မှာ ခွဲခွါခဲ့ရ တို့တွေဘဝ။
မင်းရောငါပါ တပြေတရွာဝေးနေပါသေးလဲ
တစိတ်ထဲတဝမ်း လက်တကမ်းတင်
တလမ်းထဲလျှောက် လမ်းမပျောက်နိုင်ပါ
ယုံလိုက်စမ်းတော့ သူငယ်ချင်း။
ဒီလမ်းဒီခရီး မနီးသေးလဲ
ရောက်အောင်လျှောက်မှာ မလွဲပါဟု
ဆုတ်လက်မဖြန့် လက်သီးဆန့်တန်း
မျှော်မှန်းကြွေးကြော် နေကြလေတယ်။
ငါကပြည်ပ မင်းကပြည်တွင်း ရအောင်ခွင်းမယ်
မင်းကပြည်ပ ငါကပြည်တွင်း ရအောင်ချမယ်
မလွဲကေန် တနေ့တလံ မရောက်ဘယ်မှာ ရှိလိမ့်ငှာဟု
တရွေ့ရွေ့လှမ်း တလှမ်းချင်းလျှောက်
လမ်းဆုံးရောက်ရင် ရွာတွေ့မှာပေါ့
အားမလျှော့နဲ့ လျှောက်စမ်းသူငယ်ချင်း။

လေးလေးအို(ဥသာမြေ)